ရေငံ(ရ) ကျေးရွာ

အလည်ရွာကျေးရွာအုပ်စု

မိတ္ထီလာမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၄-၂၀၂၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရေငံ(ရ)ကျေးရွာ၊ မိတ္ထီလာမြို့နယ်

( သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ

## စကားချီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှ (၂၀၂၈)ခုနှစ်အထိ (၅)နှစ်အကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စိစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်း များကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စိစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်း စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသည့် အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု ပေါ်ပေါက်လာသည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ တိုးတက်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယားစသည့်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဖေဖော်ဝါရီ ၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ရေငံ(၅) ကျေးရွာ
မိတ္ထီလာမြို့

မာတိကာ


မာတိကာ ၃

၁. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ရေငံ(ရ)ကျေးရွာ၏ သယံဇာတပြဓေပုံ ၄

၂. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ရေငံ(ရ)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန် ၅

၃. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ရေငံ(ရ)ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ ၅

၄. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ ရေငံ(ရ)ကျေးရွာ၏ ကျေးရွာလက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

၄.က။ တည်နေရာနှင့်ပထဝီ အနေအထား ၆

၄.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၆

၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၆

၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၇

၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇

၄.စ။ ပညာရေး ၇

၄.ဆ။ ကျန်းမာရေး ၇

၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၈

၄.ဈ။ ကျား – မ ရေးရာ ၉

၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၀

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း ၁၁
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ ၁၂-၁၀
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား ၁၁-၁၂

၁. မိတ္ထီလာမြို့နယ်၊ အလည်ရွာ အုပ်စု၊ ရေငံ(ရ)ကျေးရွာ၏ သယံဇာတပြမြေပုံ

၄.



၂. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စုရေငံ(ရ)ကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စုရေငံ(ရ)ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ

ချိတ်ဆက်မှုပြပုံ



**မိတ္ထီလာမြို့နယ်၊ အလည်ရွာအုပ်စု၊ ရေငံ(ရ) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ**

**၄.က။ တည်နေရာနှင့်ပထဝီအနေအထား**

ရေငံ(ရ)ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး၏ အရှေ့ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် သီးပင်ကုန်းကျေးရွာ၊ အနောက်ဘက်တွင် သီးကုန်းကျေးရွာ၊ ခံပင်အိုင့်ကျေးရွာ တည်ရှိပါသည်။ရေငံ(ရ)ကျေးရွာ၏ အကျယ်အဝန်းမှာ(၂၀)ဧကကျယ်ဝန်းပါသည်။ ရေငံ(ရ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ကျေးရွာပတ်ဝန်းကျင်တွင် လယ်မြေ၊ ယာမြေများအများအပြားရှိ၍ သာယာလှပသော ကျေးရွာတစ်ရွာဖြစ်ပါသည်။

**၄.ခ။ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ**

ရေငံ(ရ) ကျေးရွာ၏ ရာသီဥတု အခြေအနေမှာ သာမန်အားဖြင့် နွေရာသီတွင် အပူချိန် ၃၈°C အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ၃၂°C ရှိတက်ပါသည်။ နွေရာသီတွင်လည်း အပူချိန်ပိုတက်သကဲ့သို့ ဆောင်ရာသီတွင်လည်း အအေးပိုတတ်ပါသည်။ မိုးရာသီတွင် မိုးရွာသွန်းမှုနည်းပါးလာနိုင်ပါသည်။ မိုးဦးကာလတွင် မုန်တိုင်းဝင်ရောက်တတ်ပါသည်။ ရေချိုအသင့်အတင့်ရှိပါသည်။ လယ်မြေယာမြေများမှာ မိုးကောင်းရေသောက်အမျိုးအစားများသာဖြစ်ပါသည်။ စိုက်ပျိုးရေရရှိရေးအတွက် မြေအောက်ရေအရင်းအမြစ်များမှ စက်ရေတွင်းများဖြင့် စိုက်ပျိုးရေကိုရယူသုံးစွဲနိုင်ပါသည်။ ယာမြေ(၈၂)ဧကနှင့် လယ်မြေ(၇၃)ဧကရှိ သည်။ ကျေးရွာ၏ လယ်မြေများအားလုံးမှာ မိုးကောင်းရေသောက်များသာ ဖြစ်ကြသည်။ ရေအလုံအလောက် ရရှိနိုင်ခြင်းမရှိပေ။ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေများကို မြေပဲနှင့် နှမ်းသီးနှံတို့ကို အဓိကထားစိုက်ပျိုးကြသည်။ သဘာဝအရင်းအမြစ်များအနေဖြင့်ရေငံ(ရ)ကျေးရွာတွင် ချောင်းရှိသဖြင့် သဲနှင့်ကျောက်များကို အနည်းငယ်ထုတ်ယူရရှိနိုင်သည်။ သဘာဝဂေဟစနစ် မပျက်စီးရန်အတွက် အန္တရာယ်ကိုကာကွယ်ရန် ဆယ့်နှစ်ရာသီ ထုတ်ယူခွင့်မရှိပါ။

**၄.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ**

ရေငံ(ရ)ကျေးရွာတွင် စီးပွားရေးအခြေပြုသောအဖွဲ့(၁)ဖွဲ့၊ လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၅)ဖွဲ့ရှိသည်။ ၎င်းအဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်များကို ထမ်းဆောင်လျက်ရှိပါသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု တာဝန်ခံ မှုအပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ကြား ချိတ်ဆက်ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောထားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မီးသတ်၊ ဂေါပကအဖွဲ့၊ အမျိုးသမီးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ သာရေးနာရေးအဖွဲ့ ဖွဲ့စည်းထားပါသည်။ အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပေါင်းညှိနှိုင်း၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးနိုင်ရန် နာရေးကူညီမှုအသင်းဖွဲ့စည်း၍ စီမံဆောင်ရွက်ပေးပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲနိုင်ခြင်း၊ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းဟင်းချက်အဖွဲ့၊ ဖြူစင်မေတ္တာလူငယ်

အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသော ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အဖွဲ့အစည်းများအလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

**၄.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ**

ကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ စုစုပေါင်းအိမ်ထောင်စု၏ (၆၀%)သည် လယ်ယာစိုက်ပျိုးခြင်းကို ကိုယ်ပိုင်လုပ်ကိုင်ပြီး လယ်ယာလုပ်ငန်းကို အဌားလုပ်ကိုင်သော အိမ်ထောင်စုများ ရှိသည်ကိုတွေ့ရပါသည်။ အိမ်ထောင်စု(၅၆)စုတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး အခြားစီးပွားရေးအဖြစ် တပိုင်တနိုင်မွေးမြူရေးလုပ်ငန်း၊ လက်သမားပန်းရံလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရပါသည်။ အိမ်ထောင်စု အများစုမှာ လယ်ယာစိုက်ပျိုးခြင်းကို ကိုယ်ပိုင်လုပ်ကိုင်ကြပြီး၊ လယ်ယာလုပ်ငန်းတွင် စားရင်းငှားလုပ်ကိုင် သူအိမ်ထောင်စုအနည်းငယ်သာ လုပ်ကိုင်သည်ကို တွေ့ရှိပါသည်။ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင် ရှားပါး မှုနှင့် ရင်ဆိုင်ရတတ်ပါသည်။

ရေငံ(ရ)ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့်ဖြင့်ခွဲခြားထားပါသည်။ အဆင် ပြေသော အိမ်ထောင်စု (၂၀)၊ ၊အလယ်အလတ်အိမ်ထောင်စု (၆၀)၊ မပြေလည်သောအိမ်ထောင်စု (၂၅)နှင့် အလွန်အဆင်မပြေသောအိမ်ထောင်စု(၁၅) စုရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**၄.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ(လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)**

ကျေးရွာတွင် အခြေခံအဆောက်အဦများအနေဖြင့် အုပ်ချုပ်ရေးမှူး၊ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းမရှိပါ။ မီးကင်းရွာလယ်ဇရပ်နှင့် အခြေခံမူလတန်းကျောင်းရှိပါသည်။ရေငံ(ရ)ကျေး ရွာ ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး မိုးရာသီတွင် ရေအိုင်နှင့်ဗွက်ထခြင်း၊ ဆိုင်ကယ်နှင့်ကား များလမ်းချော်ခြင်းများဖြစ်ပေါ်သောကြောင့် လမ်းအဆင့်မြှင့်တင်ရန်လိုအပ်ပါသည်။

လျှပ်စစ်မီးရရှိမှုအနေဖြင့် ရွာ၏အိမ်ထောင်စုအားလုံး ကိုယ်ထူကိုယ်ထစနစ်ဖြင့် လျှပ်စစ်မီးရရှိနေပြီဖြစ်ပါသည်။ လျှပ်စစ်မီးလင်းရေး အနေဖြင့် ကျေးရွာတွင်းတွင် ဓါတ်တိုင်စိုက်ထူခြင်း၊ ကြိုးသွယ်တန်းခြင်း လုပ်ငန်းများကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် လုပ်ကိုင်ပြီးဖြစ်ပါသည်။ ကျေးရွာတွင် ရေကြောင်း သယ်ယူပို့ဆောင်မှုများမှ မရှိပါ။အခြားသော သယ်ယူပို့ဆောင်ရေးယာဉ်များကို ဇယားတွင် ဖော်ပြထား ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို စျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများ အတွက် လက်လှမ်းမီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင်အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက်ချိတ်ဆက် အသုံးပြုနိုင်သည်။

**၄.စ။ ပညာရေး**

သက္ကယ်ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိသည့်အတွက် ကျေးရွာရှိ ကလေးများ ပညာရေးကို အလွယ်တစ်ကူသင်ကြားခွင့် ရရှိကြပါသည်။ ကျောင်းသား/သူများမှလည်း အခြေခံပညာအဆင့်ထိ ကျောင်းတတ်နေသည့် ကျောင်းသား/သူ (၁၁၇)ဦးခန့်ရှိပါသည်။ စာသင်ကျောင်း၏ ကြမ်းခင်းဧရိယာမှ စတုရန်းပေ(၁၃၅၀)ရှိသည်။ ကျောင်းဆောင်အရည်အသွေးမှာ အသင့်အတင့်အနေ အထားရှိပြီး ကျောင်းသုံးပရိဘောဂများလုံလောက်မှုမရှိပါ။ အလယ်တန်းနှင့်အထက်တန်းပညာသင်ကြား ရန်အတွက် ကျေးရွာနှင့်(၁)မိုင်ဝေးသော မိတ္ထီလာမြို့သို့ သွားရောက် ပညာသင်ကြားရပါသည်။

**၄.ဆ။ ကျန်းမာရေး**

ရေငံ(ရ)ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲမရှိပါ။ ကျေးရွာသူ/သားများ၏ ကျန်းမာရေးနှင့်ပတ်သက်၍ ကူးစက်ရောဂါဖြစ်ပွားသူများမှာ လွန်စွာနည်းပါးပြီး တုပ်ကွေးရောဂါနှင့် သွေးတိုး၊ ဆီးချိုရောဂါတို့သာ အနည်းငယ်ဖြစ်ပွားပြီး အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသောက်မိ၍ ဝမ်းပျက်ဝမ်းလျောခြင်း၊ ရာသီပေါ်တုပ်ကွေးကြောင့် ဖျားနာခြင်းများဖြစ်ပေါ်တတ်ပါသည်။ သို့သော်လည်း အရေးပေါ်ကိစ္စများတွင် ကျန်းမာရေးဝန်ဆောင်မှု အချိန်မီရရှိနိုင်ရန်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲအား အဆင့်မြှင့်တင်ခြင်း၊ တိုက်နယ်အဆင့်တိုးမြှင့်ခြင်းတို့ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။ သောက်ရေအတွက် အဝိစိစက်တပ်နှင့် တုံကင်တွင်းများရှိသည့်အတွက် ရေအခက်အခဲမရှိပါ။

ကျေးရွာ၏ အိမ်ထောင်စုအားလုံးမှာ ရေလုံအိမ်သာ သုံးစွဲကြပါသည်။

**၄.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ရေငံ(ရ)ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့် သည်။ ကျေးရွာတွင် တစ်ခါတစ်ရံအပူချိန်မြင့်မားခြင်း ၊မိုးခေါင်ခြင်း၊ လေပြင်းများတိုက်ခက်ခြင်း၊ မိုးသီးများ ကြွေကျခြင်း၊ မိုးသည်း ထန်စွာရွာသွန်းခြင်းကြောင့် ရေကြီး၊ အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပေါ် လာနိုင်ပါသည်။ အပူချိန်မြင့်မား၍ မိုးခေါင်ခြင်းတို့ကြောင့် စိုက်ပျိုးရေရှားပါးမှုနှင့် ကြုံတွေ့ရပြီး လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးသီးများကြွေကျခြင်း၊ မိုးသည်းထန်စွာရွာသွန်း၍ ရေလျှံမှုများ ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် လူနေအိမ်များ ပျက်စီးနိုင်ခြင်း၊စိုက်ပျိုးသီးနှံများ၊ပျက်စီးဆုံးရှုံးနိုင်ခြင်း၊အစရှိသောဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

**၄.စျ။ ကျား – မရေးရာ**

ရေငံ(ရ)ကျေးရွာတွင် ကျား-မ ရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှု နှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေး တူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများအရ ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသမီးများသည် အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။

ရေငံ(ရ)ကျေးရွာတွင် ကျားမမရွေး၊ လူကြီးလူငယ်မရွေး နှစ်စဉ်ဝါတွင်းကာလ၌ ဆွမ်းတော်ကြီးလှည့်ခြင်းကို သာသနာ့ အကျိုးတော်ဆောင် ဂေါပကအဖွဲ့များနှင့် ပူးပေါင်း၍ လှည့်လည်ခြင်း၊ ဝါတွင်းကာလ ဥပုသ်နေ့များ၌ ဆွမ်းလောင်းခြင်း၊ ကျေးရွာတွင်း သာရေးနာရေးများ တွင်လည်း ကူညီဆောင်ရွက်ခြင်း၊

ကျေးရွာလုံခြုံရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခြင်းနှင့် (၁၂) လရာသီပွဲတော်များတွင် ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ကျေးရွာအမျိုးသမီးများမှာ ဘာသာရေးပွဲများတွင် ဓမ္မစကြာ် ရွတ်ဖတ်ပူဇော်ခြင်း၊ နာရေးများတွင် သံဝဂအလင်္ကာများ ရွတ်ဆိုပို့ဆောင်ခြင်းကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများတွင် အမျိုးသားများနှင့် တန်းတူရင်ဘောင်တန်း၍ ပူးပေါင်း ဆောင်ရွက်ကြပါသည်။

စိုက်ပျိုးရေးတွင် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၇၀၀၀/-) ကျပ်ဖြစ်ပြီး၊ လက်သမား၊ ပန်းရန်စသော လက်မှုပညာဖြင့် လုပ်ကိုင်ကြသော အမျိုးသားများ၏ ပျမ်းမျှတစ်ရက်လုပ်အားခမှာ (၁၂၀၀၀/_) ကျပ်ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြသော အမျိုးသမီးများ၏ တစ်ရက်လုပ်အားလပျမ်းမျှမှာ (၅၀၀၀/-)ကျပ်ရရှိပြီး အခြားဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သော ပန်းရံ၊ လက်သမား၊ ကျပန်းလုပ်ငန်းများတွင် အမျိုးသားပျမ်းမျှ (၁၀၀၀၀/ - ) ကျပ်နှင့် အမျိုးသမီးပျမ်းမျှ (၇၀၀၀/ -) ကျပ်ရရှိကြသည်။ အခြားနိုင်ငံဝန်ထမ်းများတွင်အမျိုးသား၊ အမျိုးသမီးရာထူးတူ လစာနှုန်းတူများရရှိကြ၍ အခြားအဖွဲ့အစည်းများတွင် လုပ်ကိုင်နေကြသူများ လည်းရှိပါသည်။

## ၅. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

| စီမံချက်အမည် | ဦးစားပေးအဆင့် |
|---|---|
| ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁ |
| ကျေးရွာချောင်းကူးတံတားတည်ဆောက်ခြင်း | ၂ |
| အ.ထ.က စာသင်ကျောင်းဆောင်တည်ဆောက်ခြင်း | ၃ |
| ကျေးရွာကျန်းမာရေးဆေးပေးခန်းရှိရေး | ၄ |
| ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး | ၅ |

**အလည်ရွာကျေးရွာအုပ်စုရေငံ(ရ)ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးဌေးလွင် | ၉/မထလ(နိုင်)၁၆၂၅၈၈ | ၅၅ နှစ် | ဥက္ကဋ္ဌ | ၀၉-၆၉၇၄၄၀၉၇၄ |
| ၂ | ဦးနေလင်းဦး | ၉/မထလ(နိုင်)၃၁၂၂၄၃ | ၄၅ နှစ် | အတွင်းရေးမှူး | ၀၉-၆၈၉၄၁၀၅၆၀ |
| ၃ | ဦးကြည်စိုး | ၉/မထလ(နိုင်)၃၀၃၄၇၆ | ၄၀ နှစ် | ဝယ်ယူရေးဥက္ကဋ္ဌ | ၀၉-၂၅၁၃၃၁၂၇၁ |
| ၄ | ဦးမိုး | ၉/မထလ(နိုင်)၀၅၂၀၉၈ | ၄၂ နှစ် | ဘဏ္ဍာရေးမှူး | |
| ၅ | ဦးလှထွန်းသူ | ၉/မထလ(နိုင်)၃၂၇၈၄၀ | ၄၃ နှစ် | အဖွဲ့ဝင် | ၀၉-၂၆၀၈၈၀၂၂၈ |
| ၆ | ဦးခိုင်ဦး | ၉/မထလ(နိုင်) ၃၀၁၁၅၂ | ၄၀ နှစ် | အဖွဲ့ဝင် | ၀၉-၇၉၆၁၀၅၆၀ |
| ၇ | ဦးမြင့်ဦး | ၉/မထလ(နိုင်) ၂၈၄၁၆၁ | ၃၂ နှစ် | အဖွဲ့ဝင် | ၀၉-၆၆၉၃၇၉၆၆၄ |
| ၈ | ဒေါ်မို့မို့ဝင်း | ၉/မထလ(နိုင်)၁၄၇၃၄၃ | ၃၉ နှစ် | အဖွဲ့ဝင် | ၀၉-၆၉၆၄၃၇၀၀၉ |
| ၉ | ဒေါ်ချမ်းထက်ထက်နိုင် | ၉/မထလ(နိုင်) ၃၅၆၇၃၃ | ၃၅ နှစ် | အဖွဲ့ဝင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၈ | ၇ | ၁၅ |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၅ | ၁၈ | ၃၃ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၉ | ၂၆ | ၄၅ |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၈၉ | ၁၈၉ | ၃၇၈ |
| ၆၅ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁၆ | ၁၄ | ၃၀ |
| **စုစုပေါင်း** | | ၂၄၇ | ၂၅၄ | ၅၀၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | | | ၁၂၀ |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ် ၊ ၁နှစ်မှ၄နှစ် ဆိုသည်မှာ အသက်(၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ် ဆိုသည်မှာ အသက် (၅)နှစ် ပြည့် သည်မှအသက် (၁၀) နှစ်မပြည့်မီ အရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက်(၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ် ၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ် ပြည့်သည် မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက်အသက်ကြီး သည့်အရွယ်များကိုဆိုလိုသည်။**

လေ့လာတွေ့ရှိချက်။ ။ ရေငံ(ရ)ကျေးရွာတွင် အိမ်ထောင်စု (၁၂၀)စု ၊ လူဦးရေ (၅၀၁)ဦး ရှိပါသည်။ရေငံ(ရ)ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် ၅နှစ်အောက် ကလေးငယ်အရွယ်(၂.၉%) ၊ မူလတန်းကျောင်းသားအရွယ် (၆.၅၈%)၊ အလယ်တန်းကျောင်းသားအရွယ်(၈.၉၈%) ၊အလုပ်လုပ် နိုင်သည့်အရွယ်(၇၅.၄၄%) ၊ သက်ကြီးရွယ်ကြီးအရွယ် (၅.၉၈%) ရှိပါသည်။ ပျမ်းမျှ အနေဖြင့်အလုပ် မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၄%)ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၁၈၉)ဦး၊ မ (၁၈၉)ဦး စုစုပေါင်း (၃၇၈)ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၇၆%)ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေ ရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေး ရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစု ဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၆ | ၆၃ | | ၆၃ | ၇၀ | ၅၂ | မြင့် □ လတ်၎ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | ၁ | | | မြင့် □ လတ်□ နိမ့် □ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်၎ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် □ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၂၅ | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၃ | ၁၀၆ | | | | ၆၀ | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၁ | **လက်လီ– လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၂ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့်☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ တ်□ နိမ့် □ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ မတ်□ နိမ့် □ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် □ လတ်□ နိမ့် □ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇ | | | | | | |

| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၁၂၀ | ၁၇၁ | | ၆၄ | ၇၀ | ၁၃၇ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ရေငံ(ရ)ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကအားထား လုပ်ကိုင်ကြသောကျေးရွာဖြစ်ပြီး အခြားလုပ်ငန်းများမှာ လက်လီ၊ လက်ကားရောင်းဝယ်ရေးဆိုင်များ၊ ၊ပန်းရန်လုပ်ငန်းများ ၊ လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သူများနှင့် ဆောက်လုပ်ရေး လုပ်ငန်းများတွင် လည်းအနည်းငယ် လုပ်ကိုင်သည်ကို လေ့လာတွေ့ရှိပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ | နေ့စား | - | ၁၀၀၀၀ | - | ၇၀၀၀ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာတွင် လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်ပြီး ကျား၊မ ဝင်ငွေကွာခြားရခြင်းမှာလည်း အားစိုက်ထုတ်မှုအပေါ် မူတည် ပါသည်။ အလုပ်အကိုင် အမျိုးအစား အားလုံးတွင် အမျိုးသားများသည် အမျိုးသမီးများထက် ပိုမို၍ လုပ်အားခနှုန်းထား ပိုမိုရရှိကြပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | ၇၃ | ကောင်း □ | သင့်√ | ညံ့ □ |
| ယာမြေ / တောင်ယာမြေ | ၈၂ | ကောင်း √ | သင့်□ | ညံ့ □ |
| ဥယျာဉ်ခြံမြေ | | ကောင်း □ | သင့်□ | ညံ့ □ |
| ကိုင်း/ ကျွန်းမြေ | | ကောင်း □ | သင့်□ | ညံ့ □ |
| ဓနိတောမြေ | | ကောင်း □ | သင့်□ | ညံ့ □ |
| စားကျက်မြေ | | ကောင်း □ | သင့်□ | ညံ့ □ |
| မြေလွတ်မြေလပ် | | ကောင်း □ | သင့်□ | ညံ့ □ |
| **စုစုပေါင်း** | ၁၅၅ | ☒ | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူ လုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့်သီးစားခံယူ လုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထား သတ်မှတ်သည့်မြေများကိုဆိုသည်။**

လေ့လာတွေ့ရှိချက်။ ရေငံ(ရ)ကျေးရွာတွင် စိုက်ပျိုးနိုင်သည့် လယ်ယာမြေများ ရှိသော်လည်း တောင်သူများမြေဆီဩဇာများ သုံးစွဲမှုအသိပညာ အားနည်းခြင်းကြောင့် သွင်းအားစု သုံးစွဲမှုမမျှတခြင်းကြောင့်မြေဆီဩဇာ လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

**(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ□ သင့်□ နည်း□ မရှိ√ | လွယ်□ခက်□ အသုံးမပြုနိုင်ပါ □ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ□ သင့်√ နည်း□ မရှိ√ | လွယ်□ခက်□√ အသုံးမပြုနိုင်ပါ □ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ□ သင့်√ နည်း□ မရှိ□ | လွယ်□ ခက် √ အသုံးမပြုနိုင်ပါ□ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ□ သင့်□ နည်း□ မရှိ√ | ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကျောက်၊သဲ၊ကျောက်စရစ်များ မရှိသော်လည်း သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနည်းငယ်ရှိသည်ကို လေ့လာတွေ့ ရှိရပါသည်။

**(ဃ)ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း |
|---|---|

| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
|---|---|---|---|---|
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၀ | ၆၀ | ၂၅ | ၁၅ |

**ရင်းမြစ်... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် အိမ်ဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် ပန်းရံ ၊ လက်သမား လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

**(c) ထိခိုက်လွယ်မှု**

**(c-၁) ဝမ်းစာ ဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေ အတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ၃လနှင့်ဖြလကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |
| ဖြလမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ၀<br>အစာလျှော့စား = ၀<br>အထောက်အပံ့ယူ = ၀<br>ချေးယူ = ၀<br>လုပ်အားခကြိုယူ = ၀ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀**
**ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

လေ့လာတွေ့ရှိချက်။ ။ အလည်ရွာအုပ်စု၊ ရေငံ(ရ)ကျေးရွာတွင် ဝမ်းစာဖူလုံမှုအခြေအနေ စစ်တမ်းကောက်ယူထားခြင်း မရှိပါ။

**(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာတွင် **ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စု** မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

**ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | မြင့်□လတ်□ နိမ့်√မရှိ □ |
| ၂ | သဘာဝရင်းမြစ်ရှားပါးမှု (မြေစိုက်ပျိုးရေ) | မြင့်□လတ်□နိမ့် √ မရှိ□ |
| ၃ | ရေကြီးခြင်း | မြင့်□လတ်□ နိမ့်□မရှိ√ |
| ၄ | မိုးခေါင်ခြင်း | မြင့်□ လတ် √နိမ့်□ မရှိ□ |
| ၅ | အအေးလွန်ကဲခြင်း | မြင့်□ လတ်□ နိမ့်□မရှိ√ |
| ၆ | မုန်တိုင်း | မြင့်□ လတ် □ နိမ့် □ မရှိ√ |
| ၇ | ငလျင် | မြင့်□ လတ်□ နိမ့်□ မရှိ√ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၈ | မီးဘေး | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၁၀ | မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့်□ လတ်□ နိမ့် မရှိ√ |
| ၁၃ | တီဘီရောဂါ | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့်□ လတ်□နိမ့် မရှိ √ |
| ၁၅ | ပြည်တွင်းပဋိပက္ခ | မြင့်□လတ်□ နိမ့်□ မရှိ√ |
| ၁၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | မြင့်□ လတ်□ နိမ့်□ မရှိ√ |
| ၁၇ | လူကုန်ကူးခြင်း | မြင့်□ လတ်□ နိမ့် မရှိ√ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည် | မြင့်□ လတ်□ နိမ့်□ မရှိ√ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်၊အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်၊အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ ရေငံ(ရ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းအပြင် လက်လုပ်လက်စား ၊ ကျပန်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းတွင်လည်း လုပ်ကိုင်ခြင်းကြောင့်ထိခိုက် သက်ရောက်မှုမှာ အနည်းငယ်ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

### (၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

### ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့်□လတ်□နိမ့်√ မရှိ□ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် | မြင့်√လတ်□နိမ့်□ မရှိ□ |

| စဉ် | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု<br>(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| | အိမ်ထောင်စု | |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့်√လတ် □ နိမ့်□ မရှိ□ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/<br>ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | မြင့်□လတ်□နိမ့်□မရှိ √ |
| ၅ | မြစ်ကမ်းဘေးနေထိုင်သူများ | မြင့်□လတ်□နိမ့် □ မရှိ √ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ | မြင့်□လတ်□နိမ့်□ မရှိ√ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | မြင့်□လတ်□နိမ့်□မရှိ√ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | မြင့် □လတ်□နိမ့်□မရှိ √ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့်□လတ်□နိမ့် □ မရှိ√ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | မြင့်□ လတ်□ နိမ့်√ မရှိ□ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့်□လတ်□နိမ့်□မရှိ√ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | မြင့်□လတ်□နိမ့်□မရှိ √ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | မြင့်□လတ်□နိမ့်□မရှိ √ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့်□လတ်□နိမ့်□မရှိ √ |
| ၁၅ | ဆေးစွဲသူများ | မြင့်□လတ်□နိမ့်□မရှိ√ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့်□လတ်□နိမ့်□မရှိ√ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | မြင့်□လတ်□နိမ့်□ မရှိ√ |
| ၁၈ | နေရပ်ပြန်အခြေချသူများ | မြင့်□လတ်□နိမ့် □မရှိ√ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့်□လတ်□နိမ့် □ မရှိ√ |
| ၂၀ | ကားမောင်းပြီးအသက်မွေးသူများ | မြင့်□လတ်□နိမ့် √ မရှိ□ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှု ရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာသည် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုများ အများအပြားရှိသဖြင့် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့် အခြေအနေများ ကြုံတွေ့ပါက အခြား အိမ်ထောင်စုများ ထက်ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လမ်းကော်မတီအဖွဲ့ | ၁ □<br>၂ √<br>၃ □ | ၈ | ၃ | ၁၁ | ပညာရေး□<br>ဌေးကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း√<br>သင့်□<br>ညံ့□ |
| ၂ | မီးကော်မတီအဖွဲ့ | ၁ □<br>၂ √<br>၃ □ | ၈ | ၃ | ၁၁ | ပညာရေး□<br>ဌေးကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း√<br>သင့်□□<br>ညံ့□ |
| ၃ | ဘာသာရေးအဖွဲ့ | ၁ □<br>၂ □<br>၃ √ | ၃ | ၈ | ၁၁ | ပညာရေး□<br>ဌေးကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း√<br>သင့်□<br>ညံ့□ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၄ | ပရဟိတ | ၁ □<br>၂ □<br>၃ √ | ၁၀ | ၅ | ၁၅ | ပညာရေး□<br>ငွေကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း√<br>သင့်□<br>ညံ့□ |
| ၅ | | ၁ □<br>၂ □<br>၃ □ | | | | ပညာရေး□<br>ငွေကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း□□<br>သင့်□<br>ညံ့□ |
| ၆ | | ၁ □<br>၂ □□<br>၃ □ | | | | ပညာရေး□<br>ငွေကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း□<br>သင့်□□<br>ညံ့□ |
| ၇ | | ၁ □<br>၂ □<br>၃ □ | | | | ပညာရေး□<br>ငွေကြေး□<br>ကျန်းမာရေး□<br>ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး/□<br>လုံခြုံရေးနှင့် ကာကွယ်ရေး√ | ကောင်း□□<br>သင့်□<br>ညံ့□ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ရေငံ(ရ)ကျေးရွာ၏ ပရဟိတ အဖွဲ့အစည်းသည် ကျန်းမာရေးနှင့် ပတ်သက်၍ နေ့ညအချိန်မရွေး ကူညီစောင့်ရှောက်မှုပေးပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |
| ၂ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |
| ၃ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |
| ၄ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |
| ၅ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |
| ၆ | | ၁□၂□၃□၄□<br>၅□၆□၇□ | ပညာရေး□ငွေကြေး√ကျန်းမာရေး□<br>ဘာသာရေး□စိုက်ပျိုးမွေးမြူ<br>ရေး□သာရေး/နာရေး၊လူမှုဖွံ့ဖြိုး ရေး□ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ (၁)ဖွဲ့သာရှိပြီး ဘာသာရေးအဖွဲ့အစည်းများဖြစ်ကြောင်းသိရသည်။

**(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(ခ-၁) သီးနှံထုတ်လုပ်ရေး**

**(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

**ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေ အတွက် | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေး အမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၅၈ | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၁၅ | | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၁၀ | | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၂၅ | | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၁၂ | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း** | | ၁၂၀ | ☒ | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများသည် အနည်းငယ် သာရှိပြီး အိမ်ထောင်စုတစ်ဝက်ကျော်သည် နေ့စား၊ကျပန်းနှင့် အခြားဒေသများသို့ သွားရောက်လုပ်ကိုင်ကြရပါသည်။

**(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ**

**ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ<br>မဖြေဆိုပါ□ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |
| ၃ | မြစ်ရေတင်စီမံကိန်း | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |
| ၆ | လက်ဝင်ရေတွင်း | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |

| စဉ် | အရင်းအမြစ် | ရေသောက်(၎က) | ရေရရှိနိုင်မှု | |
|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကို သာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး□<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ□<br>မရှိ□<br>မဖြေဆိုပါ□ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး√<br>ရာသီအလိုက်□<br>မဖြေဆိုပါ□ | ရှိ√<br>မရှိ□<br>မဖြေဆိုပါ□ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂)**

**ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏စိုက်ပျိုးရေးတွင် ရေအရင်းအမြစ် မရှိပါ။

**(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | |
| နှမ်း | ၂၀ | တင်း | ၁၅ | ၂၅ | ၂၀ | ဇူလိုင် | ဒီဇင်ဘာ | မြင့်√လတ်□<br>နိမ့်□ | မြင့်□လတ်□<br>နိမ့်√ |
| မြေပဲ | ၂၀ | တင်း | ၁၅ | ၂၅ | ၂၀ | နိုဝင်ဘာ | မတ် | မြင့်√ လတ်□ နိမ့်□ | မြင့်□□လတ်√နိမ့်□ |
| ပဲစင်းငုံ | ၃၀ | တင်း | ၃ | ၅ | ၈ | ဇန်နဝါရီ | ဇွန် | မြင့်√လတ်□နိမ့်□ | မြင့်□လတ်√နိမ့်□ |
| စပါး | ၂၀ | တင်း | ၂၀ | ၄၀ | ၃၀ | ဇန်နဝါရီ | ဇူလိုင် | မြင့်□လတ်√နိမ့်□ | မြင့်□လတ်√နိမ့်□ |
| ခရမ်းချဉ် | ၁၀ | ပိဿာ | ၂၀၀ | ၄၀၀ | ၃၀၀ | ဇန်နဝါရီ | ဇူလိုင် | မြင့်□လတ်□နိမ့်□ | မြင့်□လတ်□နိမ့်□ |
| ငရုတ် | ၁၅ | ပိဿာ | ၃၀ | ၆၀ | ၄၅ | ဇန်နဝါရီ | ဇူလိုင် | မြင့်□လတ်□နိမ့်√ | မြင့်□လတ်□နိမ့်□ |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ရေငံ(ရ)ကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် စိုက်ပျိုးရေ သော်လည်း ရာသီဥတုမမှန်ခြင်း၊ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်းများ ဖြစ်ပေါ်သော နှစ်များတွင် သီးနှံထွက်နှုန်း လျော့နည်းပါသည်။ ယာသီးနှံအားလုံးတွင် သီးနှံထွက်နှုန်းမှာ အသင့်အတင့်သာရှိပြီး သွင်းအားစု ထည့်သွင်းနိုင်မှုနှင့် ရာသီတုအခြေအနေပေါ်မူတည်၍ သီးနှံအထွက်နှုန်း ကွာခြားမှု ရှိပါသည်။

**(၄) လယ်ယာသုံး စက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | | | ၈၂ |
| လက်တွန်းထွန်စက် | | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | ၅ | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ လယ်ယာသုံး စက်ကိရိယာများအနေဖြင့် ထွန်စက်များ တစ်ဧကလျှင် (၂၀၀၀၀)နှုန်းဖြင့် ငှားရမ်းအသုံးပြုကြရပြီး တောင်သူလတ်များမှာလက်တွန်းထွန်စက်များဝယ်ယူအသုံးပြု ကြပါသည်။ ကျေးရွာအနေဖြင့် လယ်ယာသုံး စက်ကိရိယာများ လုံလောက်မှု မရှိသည်ကို တွေ့ရှိရပါသည်။

**(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ√ မဖြေဆိုပါ□ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း□ကောင်း√သင့်တင့်မျှတ□ မဖြေဆိုပါ□ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ □အသင့်အတင့်ရှိ√မဖြေဆိုပါ□ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည်□ရသည်√ မဖြေဆိုပါ□ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□ သီးနှံမျိုးစေ့များဝယ်ယူရရှိနိုင်သည်√ မဖြေဆိုပါ□ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်√ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အ ခြားဓာတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည်√ဝယ်ယူရနိုင်သည်□ မဖြေဆိုပါ□ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရနိုင်သည်□ရနိုင်သည်√ မဖြေဆိုပါ□ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန် ဆောင်မှုများ | အလွယ်တကူရနိုင်သည်□ရနိုင်သည်√ မဖြေဆိုပါ□ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□သီးနှံများကိုရောင်းချနိုင်သည်√ မဖြေဆိုပါ□ |

**ရင်းမြစ်... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊**

**(၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် စိုက်ပျိုးရေးအတွက် အခက်အခဲ မရှိပါ။ စိုက်ပျိုးရေးသုံးဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများကို ကျေးရွာတွင်းနှင့် ကျေးရွာအနီးတွင် ဝယ်ယူနိုင်ပါသည်။လယ်ယာမြေအသုံးချနိုင်မှု အသင့် အတင့် ရှိပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| ပြဿနာနှင့်အခက်အခဲများ | ဖော်ပြချက်/ရှင်းလင်းချက် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့် ၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလို အပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီဩဇာမကောင်း□ရာသီဥတုမမှန်√ မဖြေဆိုပါ□ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ√လယ်ယာမြေဆုံးရှုံးမှုများသည် □လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိ သည် □ပလပ်မြေများရှိသည် □ပလပ်မြေအသင့်အတင့်ရှိသည် □ မဖြေဆိုပါ □ |
| စိုက်ပျိုးရေးအရင်းအမြစ် | အလွယ်တကူမရနိုင် □လုံးဝမရ□မဖြေဆိုပါ √ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ√ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ√ |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ√ |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ√ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင်□ လုံးဝမရ□မဖြေဆိုပါ√ |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ေဝါင်မှုများ | အလွယ်တကူမရနိုင် □လုံးဝမရ□မဖြေဆိုပါ√ |
| သီးနှံစျေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ □သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ□ မဖြေဆိုပါ√ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ□အသင့်အတင့်ကျ√ အနည်းငယ်□□ မဖြေဆိုပါ□ |

**ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ သီးနှံထုတ်လုပ်မှုအတွက် အဓိက အခက်အခဲသည် ရာသီဥတုမမှန်ခြင်း၊ သီးနှံဖျက်ပိုးများ ကျရောက်ခြင်းနှင့် မျိုးကောင်းမျိုးသန့်များကို အလွယ်အကူ ဝယ်ယူ၍ မရနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များ ဝယ်ယူရာတွင် စျေးနှုန်းကြီးမြင့်ခြင်း၊ မြေဩဇာ၊ ပိုးသတ်ဆေး စသော သွင်းအားစုများစျေးနှုန်းကြီးမြင့်နှင့်လယ်ယာထွက်ကုန်များစျေးကွက်မကောင်းခြင်းတို့သည် သီးနံထုတ် လုပ်မှုအတွက် ကြီးမားသော အခက်အခဲများ ဖြစ်ပါ သည်။

**(ခ-၂) မွေးမြူရေးလုပ်ငန်း**

**(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ**

**ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်းလုပ်ကိုင်နေသောအိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၆ | ၆၇ |
| နို့စားနွား | ၃၆ | ၂၄ |
| ကျွဲ | | |
| မြင်း | | |
| မြည်း | - | |
| လား | | |
| ဆိတ် | ၄ | ၆၇ |
| သိုး | | |
| ဝက် | ၂ | ၉ |
| ကြက် | | |
| ဘဲ | | |
| နွားနောက် | | |
| | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် မွေးမြူရေးလုပ်ငန်းကို သီးသန့်လုပ်ကိုင်သော အိမ်ထောင်စုများ မရှိသော်လည်း စိုက်ပျိုးရေးနှင့် တွဲဖက်လုပ်ကိုင်သူများလည်း ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများနှင့် နှိုင်းယှဉ်လျှင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများ အလွန်နည်းပါးလျှက် ရှိပါသည်။

**(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

**ဇယား (၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

| အခွင့်အလမ်း | ဖော်ပြချက်/<br>ရှင်းလင်းချက်(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၂၀နှင့်၂၁ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | ပေါများ□အသင့်အတင့်√မဖြေဆိုပါ□ |
| ရေရရှိမှု | အလုံအလောက်ရနိုင်√ အသင့်အတင့်ရနိုင်□□မဖြေဆိုပါ□ |
| မျိုးတိရစ္ဆာန်လက်လှမ်းမီမှု | မျိုးကောင်းတိရစ္ဆာန်များလွယ်ကူစွာဝယ်ယူရနိုင်□မျိုးကောင်းတိရစ္ဆာန်များအသင့်အတင့်ဝယ်ယူရနိုင်√ မဖြေဆိုပါ□ |
| ချေးငွေ | ချေးငွေလွယ်ကူစွာရနိုင်□ချေးငွေအသင့်အတင့်ရနိုင်□မဖြေဆိုပါ √ |
